www.burmeseclassic.com



# အဆစ်

တစ်ခါက ထနောင်းကုန်းရွာကလေးတွင် ဦးဘဖေဆိုသူ လူကြီး တစ်ယောက်ရှိလေသည်။ ဦးဘဖေမှာ နာမည်က စီးပိုးသလို လူကလဲ စီးပိုးသည်။ ဈေးဝယ်ချမ်းရာတွင် မိန်းမကြီးတွေထက်ပင် စီးပိုသေး သည်။ ဈေးအလွန်ဆစ်ပြီး အဆစ်လည်း များများရအောင် တောင်း တတ်သည်။ ထိုအကျင့်များကြောင့် မူလတန်းကျောင်းအုပ်ဆရာကြီး သည် ဦးဘဖေကိုခေါ်ပြီး

‘လာပါဦး၊ ဦးဘဖေ’

‘ဘာကိစ္စများရှိလို့ ခေါ်ရတာပါလိမ့် ဆရာကြီး’

‘ပြောမှာပေါ့ဗျာ၊ ကျွန်တော့်ကျောင်းမှာ ချိတ်ဖို့ နာရီတစ်လုံး ဝယ်ချင်လို့’

‘ကျွန်တော့်ဆီမှာ မရှိဘူး ဆရာကြီး’

‘ကျွန်တော်သိပါတယ်၊ ဦးဘဖေဆီကဝယ်ချင်တာ မဟုတ်ပါ ဘူး၊ ဦးဘဖေကို အဝယ်ခိုင်းချင်တာပါ၊ မြို့ကိုသွားဝယ်ပေးရာ ကျောင်းကော်မတီတွေချည်း မလွှတ်လိုက်ချင်ဘူးလေ၊ ဦးဘဖေပါ လိုက်သွားစေချင်တယ်၊ အဝယ်အချမ်းကျတော့ ဦးဘဖေမှ စိတ်ချရမှာကုး၊ ဒါကြောင့် ခေါ်တာပါ၊ အကူအညီတောင်းချင်လို့ ဆိုပါတော့’

www.burmeseclassic.com



www.burmeseclassic.com



'ရပါတယ်ဆရာကြီး၊ ရပ်ရေးရွာရေး၊ပညာရေးကိစ္စပဲ ကူညီရမှာပေါ့'

ဒီလိုနဲ့ ဦးဘဖေဟာ ကျောင်းကော်မတီတွေနဲ့အတူ မြို့ကို နာရီဝယ်ဖို့ လိုက်သွားသတဲ့။ မြို့က ကုန်တိုက်ကြီးကိုရောက်တဲ့အခါ ခင်းထားတဲ့ တိုင်ကပ်နာရီတွေထဲက စိတ်တိုင်းကျ တစ်လုံးကို ရွေးပြီး

'ဒါက ကြည့်ရတာ ရှင်းတယ်'

'ကောင်းပါတယ်'

'အားလုံး ကြိုက်ပြီနော်'

'ကြိုက်ပါပြီ'

'ကဲ ကြိုက်ရင် ဈေးဆစ်မယ် ဒီမှာငါ့တူ၊ ဈေးလျှော့ပါဦးလား၊ ရပ်ကွက်မူလတန်းကျောင်းမှာ သုံးဖို့ပဲ၊ မင်းလဲ ကုသိုလ်ရတာပေါ့'

အရောင်းစျေးသည်က ပြုံးလိုက်ပြီး

'ရောင်းမယ့်ဈေး ရေးကပ်ထားပါတယ် ဦးတို့ရယ်၊ လျှော့လို့ မရပါဘူး၊ ဒီအမျိုးအစားမျိုး ပစ္စည်းမှန်ဆိုရင် ဒီဈေးဟာ အနည်းဆုံးဈေးပါပဲ၊ စိတ်ချပါ၊ လုံးဝလျှော့လို့မရတဲ့ ဈေးပါ'

သို့ဖြင့် ဦးဘဖေတို့သည် နာရီကို ဝယ်လိုက်ပြီး

'ကဲ မင်းပြောတဲ့ဈေးနဲ့ဝယ်ပြီးပြီ၊ မင်းက ဈေးမလျှော့နိုင်ဘူးဆိုတော့ အဆစ်တော့ပေးကွာ၊ ဒီနာရီအကြီးကြီးဝယ်တာပဲ ဟိုနာရီသေးသေးလေးတစ်လုံး အဆစ်ထည့်ပေါ့'

ဟူ၍ လက်ပတ်နာရီတစ်လုံးကိုတောင်းလိုက်သည်ဟူသတတ်။

www.burmeseclassic.com



www.burmeseclassic.com


## ရေထဲသာပစ်ချလိုက်ပါ

တစ်ခါက အယ်ဒီတာကြီး ဦးဒေါနဆိုတာ ရှိသတဲ့။ ဦးဒေါနဟာ ညနေတိုင်း မြစ်ဆိပ်မှာ လမ်းလျှောက်လေ့ ရှိတယ်။ တစ်ရက် ညနေမှာတော့ လမ်းလျှောက်လာရင်း ကလေးတွေ ရေချိုးနေတာကို လှမ်းကြည့်နေတယ်။ ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်တွေဟာ ခေါင်းလေးတွေဖော်ပြီး ရေစိမ်နေတာကို ကြည့်ရင်း ရေချိုးချင်စိတ် ပေါ်လာသတဲ့။ သူသာဆင်းလိုက်ရင် ရေဟာ ဒူးဆစ်၊ ပေါင်လယ်လောက်ပဲ ရှိမယ်ထင်တာကိုး။ ဒါကြောင့် အဝတ်အစားတွေ ချွတ်ပြီး ရေမကူးတတ်ဘဲနဲ့ မြစ်ထဲကို ဆင်းလိုက်တာ တစ်ခါတည်း ပလုံဆို စွပ်ခနဲ မြုပ်သွားပါလေရောတဲ့။

နောက်တော့ ဂူးဂူးဝါးဝါးအော်ရင်း ပြန်ပေါ်လာလိုက်၊ မြုပ်သွားလိုက် ဖြစ်နေတာကို ကမ်းစပ်မှာရှိတဲ့ လူငယ်တစ်ယောက်က လှမ်းမြင်လိုက်တော့ ဆင်းဆယ်လိုက်သတဲ့ ဦးဒေါနဟာ ကမ်းပေါ်ရောက်တော့ အတော်မောနေသေးတယ်။ အမောပြေသွားတော့မှ

'ကျေးဇူးပဲ မောင်ရင်ရယ်၊ ဦးအသက်ကို မောင် ကယ်လိုက်တာပါပဲ'

'ရပါတယ် ဦးရယ်'

www.burmeseclassic.com



‘ကလေးတွေ ရေဖော့နေတာကို ရေတိမ်မှတ်ပြီး ဆင်းလိုက်မိတာကွဲ့၊ ဒါနဲ့ မောင်ရင်က’

‘ကျွန်တော် ဒီကမ်းထိပ်မှာ ကွမ်းယာရောင်းပါတယ်’

‘သြော်၊ သြော် ဦးကတော့ ဟောဟိုမဂ္ဂဇင်းတိုက်က အယ်ဒီတာကွဲ့၊ မိတ်ဆွေတွေ ဖြစ်တာပေါ့ကွယ်၊ နောက်လိုတဲ့အကူအညီရှိရင်လဲ ပြောပါ၊ ဦးကူညီနိုင်တာဆို ပြန်ကူညီပါ့မယ်’

‘ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်က မောင်မြေဖွားဆိုပြီး ကဗျာတို့ ဆောင်းပါးတို့ ရေးပါတယ်၊ အဲဒါ ကျွန်တော့်ကဗျာလေးတွေ ဆရာကြီး မဂ္ဂဇင်းမှာ သုံးပေးနိုင်မယ်ဆိုရင်

‘ဦးဒေါနရဲ့ မျက်လုံးဟာ ပြူးထွက်သွားတယ်။ ပြီးတော့မှ လူငယ်ကို

‘မောင်ရင်ရယ်၊ ဦးကို ရေထဲသာ ပြန်ပစ်ချလိုက်ပါတော့’လို့ ပြောလိုက်သတဲ့။

www.burmeseclassic.com


## သူကမှ မမေးဘဲနဲ့

တစ်ခါ မီးရထားပေါ်မှာ နှစ်ယောက်ထိုင်ခုံပေါ် အရက်မူးနေသူ တစ်ယောက်သည် ထိုင်နေ၏။ သူ့ဘေး နေရာလွတ်ဝယ် သေတ္တာ တစ်လုံး ရှိသည်။

ခဏအကြာတွင် မူးနေသာ ဒုတိယလူတစ်ယောက် ထိုနေရာသို့ ရောက်လာပြီး

'ဟေးလူ'

'ဘာလဲ'

'အဲဒီသေတ္တာ ဖယ်ပေးပါ၊ ကျုပ်ထိုင်မလို့၊ ဒါ ကျုပ်နေရာ'

'မင်းထိုင်မှာနဲ့ ငါ့သေတ္တာ ဖယ်ပေးရမယ်၊ ဟုတ်စ၊ ဝေးသေး ဘာလို့ ဖယ်ပေးရမှာလဲ'

ထိုင်နေသူက လေသံခပ်မာမာဖြင့် ပြန်ပြောလိုက်သည်။

'ဒီမယ် ကိုယ့်လူ ခင်ဗျားလဲ မူးတာပဲ၊ ကျုပ်လဲ မူးတာပဲ၊ အမူးသမားချင်း ကိုယ်ချင်းစာပါဗျာ'

'ဘာလို့ စာရမှာလဲ'

ဂရုမစိုက်သလို ဖြေလိုက်သောကြောင့် မေးနေသူမှာ စိတ်တို သွားသည်။

www.burmeseclassic.com



www.burmeseclassic.com


'ခင်ဗျား ပြေပြေလည်လည် စကားပြောရင်ကောင်းလိမ့်မယ် ထင်တယ်၊ ကဲ နောက်ဆုံးမေးမယ်၊ ခင်ဗျား ဒီသေတ္တာကို ဒီအတိုင်းပဲ ထားတော့မှာလား'

ပထမလူမှာ လုံးဝ ဂရုစိုက်မဟန်ဖြင့်

'ဒါပေါ့'

'ကောင်းပြီ ခင်ဗျားက ဖယ်မပေးဘူး ဆိုနေမှာတော့ ကျုပ် တွဲစောင့်ကို ခေါ်လိုက်ရမှာပေါ့'

'အိုး ခေါ်လိုက်စမ်းပါ၊ တွဲစောင့်တင်မကဘူး လုံခြုံရေးရော၊ ဂါတ်ဗိုလ်ရော၊ စက်မောင်းရောခေါ်၊ အကုန်ခေါ်၊ ရှုပ်တယ် ရုံပိုင်ပါ သွားခေါ်ကွာ'

'တွဲစောင့်ရောက်လာမှ အဲသလိုပြော၊ ခင်ဗျားကို တစ်ခါတည်း တွဲထဲကဆွဲထုတ်ပြီး လွှင့်ပစ်အောင်လို့'

'ခေါ်လိုက်စမ်းပါ မြန်မြန်၊ ကျုပ်က ဘယ်သူမှ ဂရုမစိုက်ဘူး'

သို့ဖြင့် ဒုတိယလူသည် တွဲစောင့်ကို သွားခေါ်လာရာ တွဲ စောင့်က

'ခင်ဗျားထိုင်ခုံပေါ်ချထားတဲ့ သေတ္တာကို ဖယ်မပေးဘူးလို့ ငြင်းနေတယ်ဆို၊ ဟုတ်သလား'

ထိုင်နေသူက လေသံခပ်မာမာဖြင့်

'ဟုတ်တယ်'

တွဲစောင့်သည် အနည်းငယ် ဒေါသဖြစ်သွားပြီး

'ခင်ဗျား ဘာလို့ ဖယ်မပေးတာလဲ'

'ကျုပ်ပစ္စည်းမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ် ဖယ်ရမလဲဗျ'

'ဒါဆို ဘယ်သူ့သေတ္တာလဲ'

www.burmeseclassic.com



'ဘယ်သိမလဲ၊ ကျုပ်မရောက်ခင်ကတည်းက ဒီနားမှာ ရှိနေတာ'

'အဲသလို ခင်ဗျားက ဘာလို့ စောစောက သူ့ကို ရှင်းမပြတာလဲ'

ထိုင်နေသူသည် လေသံ ခပ်ဆတ်ဆတ်နှင့်

'သူကမှ မမေးဘဲနဲ့'ဟု ပြောလိုက်လေသတည်း။